မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၄၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဘူတန်နိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ လီအွန်ပို ကင်ဇန်ဒိုဂျီ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဘူတန်နိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ လီအွန်ပို ကင်ဇန်ဒိုဂျီ ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဘူတန်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်နိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ လီအွန်ပို ကင်ဇန်ဒိုဂျီ ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ငွေကျပ်သိန်း ၂၀၀၀ မတည်ပေးထားပြီးဖြစ်

အခြေခံလူတန်းစားများအတွက် အသေးစားငွေစုငွေချေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သိန်းနီမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီတွင် သိန်းနီမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များအား ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

သောင်းသောင်းဖြဖြကြိုဆို

ထို့အတူ ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာအကအဖွဲ့က ရိုးရာအကများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သိန်းနီမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ခမ်းသိမ်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖတစ်ဦးတို့က ဒေသလိုအပ်ချက်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ၁၅-၁၂-၂၀၁၁ ရက်က လာရောက်ခဲ့သည့် ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဦးခင်ဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က တင်ပြချက်များအပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ဒေသခံတောင်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ရရှိကြ၍ ကျေနပ်ဝမ်းမြောက်ပြီး အကျိုးကျေးဇူးခံစားရရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဒေသဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကအသေးစားငွေစုငွေချေးဥပဒေနှင့်အညီ ချေးငွေများ ထုတ်ပေးသွားမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)

ညှိဝတ်လည်းကျေစေ၊ အောင်ပွဲလည်းရစေ

အရှေ့တောင်အာရှအားကစားပွဲ(ဆီးဂိမ်း)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိ၏။ မြန်မာနိုင်ငံက လာမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ ဤအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း အကြီးမားဆုံး အားကစားပြိုင်ပွဲဖြစ်သကဲ့သို့ အာဆီယံ အားကစားသမားအချင်းချင်း ထိတွေ့ဆက်ဆံမှုရစေသည့် ပြိုင်ပွဲလည်းဖြစ်၏။

အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့လာရောက်ကြမည့် အားကစားတာဝန်ရှိသူများနှင့် အားကစားသမားများအား အကောင်းဆုံးဝန်ဆောင်ပေးမှုများဖြင့် ညှိဝတ်ကျေပွန်ကြရမည်ဖြစ်သလို ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်များစွာဆွတ်ခူးပြီး အောင်ပွဲဆင်နိုင်ရန် လိုအပ်လှပေသည်။ ထို့ကြောင့်ပင် ကြိုတင်ပြင်ဆင်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဤအားကစားပွဲကြီးတွင် မြန်မာတို့၏ အားကစားစိတ်ဓာတ်ကို ကမ္ဘာကသိအောင် အစွမ်းကုန်ကြိုးစားပြသကြရမည်ဖြစ်သည်။

အားကစားဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အဆိုပါ အားကစားပြိုင်ပွဲကြီးတွင် ထိုက်တန်စွာအောင်မြင်မှုများ ရရှိရေးအတွက် ရည်ရွယ်ပြီး မဏ္ဍိုင်(၅)ရပ်ပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းမဏ္ဍိုင်(၅)ရပ်ပုံစံဖြင့် ရွေးချယ်ထားသော ရွက်ပုန်းသီးအားကစားသမားများကို ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းများသာမက နေပြည်တော်တွင်လည်း စခန်းသွင်း လေ့ကျင့်ပေးရန် စီစဉ်လျက်ရှိသည်။ အထူးသဖြင့် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ နိုင်ငံတကာအဆင့်မီ Synthetic Track ပြေးလမ်းနှင့် အားကစားရုံများ၊ ဇမ္ဗူသီရိအားကစားဇုန်၌ ဖူဆယ်၊ ကြက်တောင်၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ မြားပစ်စသည့် အားကစားနည်းများအတွက် အားကစားရုံများ၊ စက်ဘီးစီးပြိုင်ပွဲကွင်းများ၊ ငလိုက်ဆည်၌ လှေလှော်အားကစားနေရာများတည်ဆောက်လျက်ရှိသည်။ ထို့အပြင် ဇမ္ဗူသီရိမြို့နယ်နှင့် ဒေးယျာသီရိမြို့နယ်တို့၌ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီးများလည်း တည်ဆောက်နေသည်။

လေ့ကျင့်ရေးစခန်းအသီးသီးတွင်လည်း ခေတ်မီအားကစားအထောက်အကူပစ္စည်းများ၊ ပြည်တွင်းပြည်ပနည်းပြများဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးခြင်းများ၊ အားကစားဆေးပညာ၊ အားကစားစိတ်ပညာဖြင့် လေ့ကျင့်မှုတိုးတက်ရန် ပံ့ပိုးပေးခြင်းများ၊ လေ့ကျင့်မှုအပေါ်မူတည်၍ လုံလောက်သော အာဟာရ၊ ဆေးဝါး၊ ဝတ်စုံများ၊ ထောက်ပံ့ငွေများ စသည်ဖြင့် ဖြည့်ဆည်းပေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

တစ်ဖန် လေ့ကျင့်မှုအရှိန်အဟုန် ရလာချိန်တွင် ပြည်ပသို့သွားရောက်ပြီး ပြည်ပအားကစားသမားများနှင့် ပူးတွဲလေ့ကျင့်ခြင်း၊ ပြည်ပမှ လေ့ကျင့်ဖက်အားကစားသမားများ ငှားရမ်းလေ့ကျင့်ခြင်း၊ လေ့ကျင့်မှုအရည်အသွေးဆန်းစစ်နိုင်ရေးအတွက် ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပခြင်း၊ ပြည်ပပြိုင်ပွဲများသို့သွားရောက်ယှဉ်ပြိုင်စေခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အဆိုပါ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အောင်ပွဲရရန် ဘက်ပေါင်းစုံမှ ကြိုးစားနေသကဲ့သို့ လာရောက်ကြမည့် ပြည်ပမှ အားကစားတာဝန်ရှိသူများ၊ အားကစားသမားများ၊ မီဒီယာများအား အကောင်းဆုံးဝန်ဆောင်မှုနှင့် ညှိဝတ်ကျေပွန်ရန်လည်း အရေးကြီးပေသည်။ ပြိုင်ပွဲတွင် အနိုင်ရရေးသည် အဓိကဖြစ်သော်လည်း အခြားပြိုင်ပွဲဝင်များအပေါ် ဖော်ရွေမှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ ညှိဝတ်ကျေမှုများဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ နိုင်ငံကြီးသားပီသသည့် စိတ်ဓာတ်ကို ပြသရန်လည်း လိုအပ်ပေသည်။

အရှေ့တောင်အာရှအားကစားပွဲသည် လာမည့်နှစ်တွင် ကျင်းပမည်ဖြစ်၍ အချိန်အားဖြင့် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။ အားကစားအောင်နိုင်ရေး ကြိုတင်ပြင်ဆင်နေသကဲ့သို့ အားကစားအဆောက်အအုံများ၊ အားကစားကွင်းများ၊ လေ့ကျင့်ရေးကွင်းများ၊ အားကစားသမားများ နားနေရန်နေရာများ အသင့်ဖြစ်နေရန် အရှိန်အဟုန်မြှင့်တင် ဖော်ဆောင်ရပေတော့မည်။

သို့ဖြစ်ရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲသည် မြန်မာနိုင်ငံအတွက် အာဆီယံနိုင်ငံများအတွင်း ညှိဝတ်ကျေပွန်သော အိမ်ရှင်နိုင်ငံဖြစ်ရေး ကြိုးပမ်းခြင်းနှင့်အတူ ပြိုင်ပွဲတိုင်းဆုတံဆိပ်များ ဆွတ်ခူးနိုင်ကြရေးအတွက်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အရှိန်အဟုန်မြှင့်တင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ထိုင်းနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ ဘားအံစက်မှုဇုန်သို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံ Regina Hotel & Golf Club, Chairman Ms. Luxana Jariyawatskul ဦးဆောင်သည့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၄၄ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ဘားအံစက်မှုဇုန် တည်ဆောက်ရေးကိစ္စရပ်များနှင့် စက်မှုဇုန်၏ စီးပွားရေးဖြစ်ပေါ်တိုးတက်နိုင်မှု အခြေအနေများ၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထို့နောက် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် ဘားအံစက်မှုဇုန်သို့သွားရောက်၍ စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်မှုများကို ကြည့်ရှုလေ့လာကြပြီး စက်မှုဇုန်လျှိုပိတ်ဆည်အနီး တည်ဆောက်ထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပျိုးဥယျာဉ်၌ အမှတ်တရသစ်ပင်၊ သစ်စေ့များ စုပေါင်းပျိုးထောင်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝက်လက်မြို့နယ်၌ ဓာတ်အားခွဲရုံ ဖွင့်ပွဲကျင်းပ

ဝက်လက် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့တွင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည့် 33/11 KV,5 MVA ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါဓာတ်အားခွဲရုံရှေ့၌ကျင်းပသည်။

အခမ်းအနားတွင် ဓာတ်အားခွဲရုံကိုတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်၊ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦးနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ငွေက ဓာတ်အားခွဲရုံ သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဓာတ်အားခွဲရုံနှင့်ပတ်သက်သည့် အချက်အလက်များကို မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဘမြင့်က ရွှေဘိုခရိုင် လျှပ်စစ်အင်ဂျင်နီယာထံသို့ ပေးအပ်သည်။

အဆိုပါ 33/11 KV,5 MVA ဓာတ်အားခွဲရုံကို အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ပံ့ပိုး Transformer နှင့် ဆက်စပ်ပစ္စည်းများ၊ ပြည်သူများ ထည့်ဝင်ငွေ စုစုပေါင်းငွေကျပ်သိန်း ၂၇၀၀ ကျော်ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မွေးမြူရေးအစုအဖွဲ့များသို့ ချေးငွေများထုတ်ချေး

ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အရ မွေးမြူရေးအစုအဖွဲ့များသို့ တတိယအကြိမ် မတည်ချေးငွေထုတ်ချေးခြင်း အခမ်းအနားကို ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်း/ရွှေဒုံးကျေးရွာအုပ်စု သုံးတိုင်ကျေးရွာဘုန်းကြီးကျောင်း၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးလွင်က ချေးငွေနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရွှင်ပျော်ပျော်ဆိတ်မွေးမြူရေး အစုအဖွဲ့နှင့် ရွှေသုံးတိုင် ဝက်မွေးမြူရေးအစုအဖွဲ့သို့ မတည်ချေးငွေကျပ် ၅၀ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ပြီး ယနေ့အထိ မွေးမြူရေးအစုအဖွဲ့ ငါးဖွဲ့သို့ ထုတ်ချေးငွေစုစုပေါင်း ငွေကျပ် ၇၁ ဒသမ ၆ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မော်ဘီမြို့မဈေး မီးဘေးကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မော်ဘီမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်က မီးငြှိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ မီးငြှိမ်းသတ်သရုပ်ပြခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ဈေးဆိုင်ခန်းရှင်များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

**မီးဗိုမီး အခြားမီး
သုံးပြီးသတိ အမြဲရှိ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

လှည်းကူးမြို့နယ်၌ ချေးငွေများ ထုတ်ချေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်က လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသေးစားချေးငွေများ ထုတ်ချေး ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ပေးရခြင်း ရည်ရွယ်ချက်နှင့် အသင်းတိုးတက်စေရန် လိုအပ်သည်များကို ဆွေးနွေးပြောကြားပြီးနောက် ငါးဆူတောင်ကျေးရွာ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းအတွက် ပထမအကြိမ်ချေးငွေကျပ်သိန်း ၁၅၀ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အောက်ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

လူကုန်ကူးမှုနှင့် မူခင်းလျှော့နည်းကျဆင်းရေးဆိုင်ရာ ကော့သောင်းမြို့နယ်၌ အသိပညာပေးဟောပြော

ကော့သောင်း ဖေဖော်ဝါရီ ၂၃

ကော့သောင်းခရိုင် ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းခန်းမ၌ လူကုန်ကူးမှုလျှော့နည်းကျဆင်းရေး အထူးစီမံချက်ပါ ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် မူခင်းလျှော့နည်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်အောင်က ရပ်ကွက်/ကျေးရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများ၊ လူကုန်ကူးမှုအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်သွားရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး အသိပေးပညာပေး ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ကညင်ချောင်း ကွန်ကရစ်လမ်းကို ဖေဖော်ဝါရီ ၈ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်၊ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလွင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလေးထောတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သမဝါယမ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် စာရင်းရေးသွင်းခြင်းသင်တန်း ဖွင့်လှစ်

အောင်လံ ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် သမဝါယမဦးစီးဌာနက ကြီးမှူး၍ သမဝါယမငွေစာရင်းထိန်းသိမ်းခြင်းနှင့် စာရင်းရေးသွင်းခြင်းသင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်က အောင်လံမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်သူသူဟန်နှင့် အောင်လံမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အမှာစကားပြောကြားသည်။ သင်တန်းကာလမှာ သုံးရက်ဖြစ်ပြီး သင်တန်းသို့ အောင်လံမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၄၆ သင်းမှ ဒါရိုက်တာအဖွဲ့ဝင်များအပါအဝင် သင်တန်းသားသင်တန်းသူ ၈၇ ဦးတက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

◆ကျောဖုံးမှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်ရသုံးခန့်မှန်းခြေ ငွေစာရင်းများအဖြစ် ရေးဆွဲခဲ့ပြီး ဘတ်ဂျက်အကောင်အထည်ဖော်မှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ စတင်ဖွဲ့စည်းသည့်ကာလဖြစ်ပါ၍ ဘတ်ဂျက်၏ ပထမ(၆)လပြီလမှ စက်တင်ဘာလကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဒုတိယ(၆)လ အောက်တိုဘာလမှ မတ်လကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေများအဖြစ်ခွဲခြား၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုရန် တင်ပြတောင်းခံထားသည့်သာမန်အသုံးစရိတ် တောင်းခံငွေများအနက် အများစုမှာ နိုင်ငံတော်အဖွဲ့အစည်းများ အချင်းချင်းပေးချေရမည့်ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများနှင့် အတိုးပေးရမည့်ငွေများဖြစ်သည့်အတွက် လက်ရှိဘဏ္ဍာရေးနှစ် မကုန်ဆုံးမီပေးချေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်တောင်းခံငွေများမှာ ယခင်အစိုးရလက်ထက်က ဆောင်ရွက်ပြီးခဲ့သည့်လုပ်ငန်းများအတွက် ပေးချေရမည့်ငွေများ ယခုနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပေးချေရမည့်ငွေများတောင်းခံခြင်းဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် ဝန်ကြီးဌာနများက ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ သုံးစွဲရမည်ဖြစ်ပြီး မသုံးစွဲဖြစ်ပါက ပြန်လည်အပ်နှံရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ကလည်း ငွေကြေးသုံးစွဲမှုများကို စာရင်းစစ်ဆေးသွားမည်ဖြစ်ပါကြောင်း။

ထည့်သွင်းဖော်ပြ

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြီးခန့်မှန်းခြေတွင် ပါဝင်သည့် ငွေလုံးငွေရင်းအသုံးစရိတ် ၅၀ ဘီလီယံနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းရေးဆွဲခဲ့စဉ်က နိုင်ငံတော်သမ္မတရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် မြင်းခြံ (နဘူးအိုင်) စက်မှုအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် ၅၀ ဘီလီယံလျာထားခဲ့ပါကြောင်း၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပေါ်ပေါက်လာချိန်တွင် အထက်ပါလုပ်ငန်းအား မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လွှဲပြောင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက တာဝန်ပေးအပ်ခဲ့သဖြင့် နိုင်ငံတော်သမ္မတရုံးတွင် လျာထားခဲ့သည့် ငွေကျပ် ၅၀ ဘီလီယံအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ လွှဲပြောင်း လျာထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများလည်း ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၁၁-၂၀၁၂ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် စက်မှုအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ရန် လျာထားငွေကျပ် ၅၀ ဘီလီယံကို နိုင်ငံတော်သမ္မတရုံးဘတ်ဂျက်မှ လျှော့၍ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြီး ဘတ်ဂျက်တွင် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာန အောက်တွင်ရှိသည့် လူမှုဖူလုံရေးအဖွဲ့ကို နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ထည့်သွင်းသတ်မှတ်ခဲ့မှုနှင့် ပတ်သက်၍ လူမှုဖူလုံရေးအဖွဲ့သည် ယခင် ၁၉၈၈ ခုနှစ် မတိုင်မီကတည်းက နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ဘတ်ဂျက်တွင် ပါဝင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ လူမှုဖူလုံရေး ဥပဒေမူကြမ်းအားရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်လျက်ရှိပါသဖြင့် လူမှုဖူလုံရေးဥပဒေသစ် ပြဋ္ဌာန်းပြီးပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ ထည့်ဝင်ငွေနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေဖြင့် လူမှုဖူလုံရေးရန်ပုံငွေ ထူထောင်ပြီး လူမှုဖူလုံရေးအဖွဲ့၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုချက်ရယူပြီး စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ကျန်းမာရေးအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ ၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် ပညာရေးအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ ၃ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ (၃)ရာခိုင်နှုန်းနှင့် ပညာရေးအသုံးစရိတ်သည် ၅ ဒသမ ၀၄ ရာခိုင်နှုန်းအထိ တိုးမြှင့်လျာထားခဲ့ပါကြောင်း၊ လာမည့်နှစ်များတွင်လည်း ဆက်လက်၍ တိုးမြှင့်လျာထားပေးသွားမည် ဖြစ်ပါကြောင်း။

အခွန်အကောက်ရငွေအပိုင်းတွင် ၂၀၁၀-၂၀၁၁ ခုနှစ် အမှန်စာရင်းအရ ငွေကျပ် ၁၂၈၁ ဒသမ ၈၆၀ ဘီလီယံ ရရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင် ငွေကျပ် ၁၀၉၉ ဒသမ ၃၃၆ ဘီလီယံ လျာထားသဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ရငွေမှာ ယမန်နှစ်ကထက် ငွေကျပ် ၁၈၂ ဒသမ ၅၂၄ ဘီလီယံ လျော့နည်းရရှိမည်ဟု ခန့်မှန်းပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်အပေါ် ကောက်ခံသည့်အခွန်ကို (၈)ရာခိုင်နှုန်းမှ (၅)ရာခိုင်နှုန်းသို့ လျှော့ပေါ့သက်သာခွင့်ပြုခြင်း၊ အချို့ပို့ကုန်အပေါ် အခွန်လုံးဝကင်းလွတ် သက်သာခွင့်ပြုခြင်း၊ နိုင်ငံခြားဝင်ငွေဖြင့်ရရှိသည့် လက်ခစားလုပ်ငန်း (CMP) နှင့်လစာမှ ဝင်ငွေတို့အပေါ် ကောက်ခံသော ဝင်ငွေခွန်ကိုလည်း (၁၀)ရာခိုင်နှုန်းမှ (၂)ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်း၊ တရားမဝင်ဆိုင်ကယ်စီမံချက် ဆောင်ရွက်မှုမရှိခြင်းနှင့် နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေး စခန်းအချို့မှ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ လျော့နည်းသွားခြင်းတို့ကြောင့် လျော့နည်းခန့်မှန်းရခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၅)တွင် ပါဝင်သည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကောက်ခံရရှိမည့် အခွန်အကောက်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားခဲ့ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ယခင်နှစ် အမှန်ကောက်ခံရငွေထက် ပိုမိုကောက်ခံရရှိရေးအတွက် အခွန်လွတ်ကင်းတိမ်းရှောင်မှုများ မရှိရေး၊ လုပ်ငန်းအမှန်ပမာဏထက် လျော့နည်းပေးဆောင်မှုမရှိစေရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ရှင်းလင်းဆွေးနွေး

နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများမှာ လိုငွေဘတ်ဂျက်များဖြစ်သော အကောင်အထည်ဖော်ခဲ့ရသဖြင့် ယခုအခါ နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့် ငွေကြေးပေါ်လစီပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်ဘတ်ဂျက် ကုန်ထုတ်လုပ်မှုကို အထောက်အကူမပြုသော ရင်းနှီးမြှုပ်နှံမှု၊ အသုံးစရိတ်သုံးစွဲမှုများ မပြုလုပ်ရေးနှင့် ဝင်ငွေပိုင်းတွင် ရသင့်ရထိုက်သောအခွန်ဝင်ငွေများ အပြည့်အဝရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်လိုငွေများ တစ်ဆင့်ပြီးတစ်ဆင့် ကျဆင်းသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ ဆွေးနွေးမှုပြီးဆုံးကြောင်း လွှတ်တော်က ကြေညာသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်နှင့် ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်းတို့က ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်နှင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးတို့က ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများကို တင်သွင်းကြသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြသည်။

ဦးမောင်တိုး၏အဆိုနှင့်စပ်လျဉ်း၍ ယင်းကိစ္စသည် ဥပဒေရေးရာအငြင်းထွက်မှုဖြစ်သဖြင့် ယင်းအဆိုကိုဆိုင်းငံ့၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြန်လည်သုံးသပ်တင်ပြရန် လွှတ်တော်ကဆုံးဖြတ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းမှ ဖြည့်စွက်ရန်ပုံငွေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်နှိပ်၍ ရယူသည်။

"ဥပဒေကြမ်း၏ အမည်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့် ပတ်သက်၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ အမည်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုသည်။

"ဥပဒေကြမ်း၏ အခန်း(၁)၊ အပိုဒ် ၁၊ အခန်း(၂)၊ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်ပတ်သက်၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ အခန်း(၁)၊ အပိုဒ် ၁၊ အခန်း(၂)၊ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းမှ နိုင်ငံတော်သမ္မတရုံးနှင့် ပတ်သက်သည့် ပြင်ဆင်ချက်အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ဆန္ဒကို ရယူရာ ကန့်ကွက်မဲများသည့်အတွက် ယင်းပြင်ဆင်ချက်အဆို ပျက်ပြယ်ကြောင်း ကြေညာသည်။

ထို့နောက် "ဗဟိုအဖွဲ့အစည်းများဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့၏ နောက်ထပ်ခွင့်ပြုသည့် သာမန်သုံးငွေ ကျပ်သန်းပေါင်း ၈၁၇ ဒသမ ၁၇၀၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၁၇၇၅၀၃ ဒသမ ၂၆၃ ပါဝင်သည့် ဇယား(၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ဆန္ဒကို ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ ဇယား(၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

အတည်ပြုကြေညာ

ဆက်လက်၍ "ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာ၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား၊ သာသနာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ အလုပ်သမား၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ သတ္တုတွင်း၊ စွမ်းအင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ သမဝါယမ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေးနှင့် အခွန်၊ ပြည်ထောင်စုဝန်ကြီးဌာန ၂၆ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့အတွက် နောက်ထပ်ခွင့်ပြုသည့် သာမန်သုံးငွေ ကျပ်သန်းပေါင်း ၄၁၈၅၂၂ ဒသမ ၈၅၀၊ အတိုးပေးငွေကျပ် သန်းပေါင်း ၉၆၅၆၆ ဒသမ ၅၁၇၊ ထောက်ပံ့ငွေကျပ်သန်းပေါင်း ၁၆၀၄၁၇ ဒသမ ၈၄၂၊ ငွေလုံးငွေရင်းသုံး ငွေကျပ် သန်းပေါင်း ၄၇၀၅၆၀ ဒသမ ၉၈၃ နှင့် ချေးယူရငွေအတွက် ပေးဆပ်ငွေကျပ် သန်းပေါင်း ၄ ဒသမ ၉၈၃ တို့ ပါဝင်သည့် ဇယား(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ဆန္ဒကိုရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း၏ ဇယား(၂)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

"နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ နောက်ထပ်ခွင့်ပြုသည့် သာမန်သုံးငွေ ကျပ်သန်းပေါင်း ၆၀၀ ပါဝင်သည့် ဇယား(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ ဆန္ဒကိုရယူရာ ထောက်ခံဆန္ဒမဲများသည့် အတွက် ဥပဒေကြမ်း၏ ဇယား(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ထောက်ခံ

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်မှအတည်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို စက်ခလုတ်နှိပ်၍ လွှတ်တော်၏ဆန္ဒကိုရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင်ရပ်နားပြီး အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အစည်းအဝေး၌ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အစားထိုး တာဝန်ပေးအပ်ခြင်း၊ အဆို (၂)ခုတင်သွင်းခြင်းမှ အဆို(၁)ခုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခြင်း၊ အဆို(၁)ခုကို အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်း၊ ပြင်ဆင်ချက်အဆို (၂)ခု တင်သွင်းခြင်းမှ အဆိုတစ်ခုကို ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြန်လည်သုံးသပ်တင်ပြရန် ဆုံးဖြတ်ခြင်း၊ အဆိုတစ်ခုကို ပျက်ပြယ်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ကွင်းဆင်းဆောင်ရွက်

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းကြီးကျေးရွာ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးဝင်းဆင့်နှင့်ဝန်ထမ်းများ မိုးပွင့်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

မင်္ဂလာတောင်ညွန့်မြို့နယ် ၂၀၁၁-၂၀၁၂ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိသူများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အထက (၃) မင်္ဂလာတောင်ညွန့် ကျောင်းခန်းမ၌ ကျင်းပရာ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အဆင့်အောင်ချက်အကောင်းဆုံးဆုရ အထက(၃) မင်္ဂလာတောင်ညွန့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမေအား မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	နမော…နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
၈း၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၅	အတီးပြိုင်ပွဲ
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၃၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၅း၂၅	နှောင်းခေတ်တေးပဒေသာ
၅း၃၅	မြန်မာစာ၊ မြန်မာစကား
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၇း၄၅	ဧရာဝတီတံတားများ လျှပ်တစ်ပြက်ဟာသများ

တစ်ချက်တည်းကျင်းဝင်

လားရှိုး ဖေဖော်ဝါရီ ၂၃

လားရှိုး ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဗိုလ်မှူးအောင်မြင့်(ငြိမ်း)က ၁၆၉ ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၃)သို့ Contraller Iron 7 သံတုတ်ဖြင့် Srixon 1 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။ ကစားဖော်များမှာ ဦးခင်မောင်မြင့်(ပြည်နယ်ဆက်သွယ်ရေး)၊ ဦးမောင်မောင်စန်း(စက်မှုလယ်ယာ)၊ ဦးခင်မောင်စီ(ဘရေ)နှင့် တေးရေးဆရာ နမ္မတူစံသွင်(ဆည်မြောင်း)တို့ဖြစ်ကြောင်း သိရှိရသည်။ မမ(လားရှိုး)

စာပေမြင့်မှ လူမျိုးတင့်မည်

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အယ်အာရှိအေလက်နက်ကိုင်နှိမ်နင်းမည့် အေယူတပ်ဖွဲ့ကို ယူဂန္ဒာတပ်မှူး ဦးဆောင်မည်

ကမ်ပါလာ ဖေဖော်ဝါရီ ၂၃

ဗဟိုအာဖရိကသမ္မတနိုင်ငံနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့တွင် လှုပ်ရှားနေသည့် အယ်အာရ်အေလက်နက်ကိုင်များကို တိုက်ခိုက်ချေမှုန်းမည့် အင်အား ၅၀၀၀ ရှိ အာဖရိကသမဂ္ဂ(အေယူ)တပ်ဖွဲ့ကို ယူဂန္ဒာနိုင်ငံက ဦးဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။**(အောက်ပုံ)**

ယူဂန္ဒာ၊ တောင်ဆူဒန်၊ ဗဟို
အာဖရိကသမ္မတနိုင်ငံနှင့် ကွန်ဂိုဒီမို
ကရက်တစ်သမ္မတနိုင်ငံတို့မှ တပ်ဖွဲ့
ဝင်များဖြင့် ဖွဲ့စည်းမည့် အာဖရိက
သမဂ္ဂ(အေယူ)တပ်ဖွဲ့ကို ယူဂန္ဒာပြည်သူ့
ကာကွယ်ရေးတပ်ဖွဲ့ (ယူပီဒီအက်ဖ်)
တပ်မှူးဒစ်အိုလက်က တပ်မှူးအဖြစ်
ဦးဆောင်ကွပ်ကဲမည်ဖြစ်ကြောင်း အဆို
ပါသတင်းတွင် ဖော်ပြပါရှိသည်။

ကြေညာ

အေယူတပ်ဖွဲ့သည် တောင်ဆူ
ဒန်နိုင်ငံ ဇာရာမြို့ရှိ လက်ရှိ ယူပီဒီ
အက်ဖ်စစ်ဌာနချုပ်တွင် အခြေစိုက်
မည်ဖြစ်ကြောင်း ဗဟိုအာဖရိကသမ္မတ
နိုင်ငံရှိ ကုလသမဂ္ဂဒေသဆိုင်ရာရုံးက
ကြေညာသည်။ **(အင်တာနက်)**

သိမ်းဆည်းသိုဝှက်ထားသော လက်နက်ခဲယမ်းများ ထိုင်းနိုင်ငံအတွင်း အာဏာပိုင်များ သိမ်းဆည်းရမိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံအတွင်း ဆုရင်
ပြည်နယ်အရှေ့မြောက်ပိုင်း နယ်စပ်
တွင် သိုဝှက်ထားသော စစ်လက်နက်နှင့်
ခဲယမ်းအများအပြားကို ထိုင်းအာဏာ
ပိုင်များက သိမ်းဆည်းရမိကြောင်း
ဗန်ကောက်ပို့စ်အွန်လိုင်းသတင်းတွင်
ဖေဖော်ဝါရီ ၂၃ ရက်က ဖော်ပြသည်။

များစွာပါဝင်

သိမ်းဆည်းရမိသည့် လက်နက်
များတွင် လောင်ချာထိပ်ဖူး ၃၆ ခု၊
၆၀ mm မော်တာကျည်များ ၆၄ ခု၊
လက်ပစ်ဗုံးများနှင့် SKS ရိုင် ဖယ်များ၊
ခဲယမ်းမီးကျောက် ၁၄၃၇ခု စသည့်
လက်နက်ပစ္စည်း **(ယာပုံ)** များစွာ
ပါဝင်ကြောင်း ထိုင်းအထူးစုံစမ်းရေး
တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဘာရစ်ပန်
ဂျီဒစ်က ပြောကြားသည်။

ပြောကြား

အဆိုပါ လက်နက်များသည်
နိုင်ငံရေးအခြေအနေ မငြိမ်မသက်ဖြစ်
စေရေး ဖန်တီးလုပ်ဆောင်လျက်ရှိကြ
သော ဆန့်ကျင်ဘက်အုပ်စုများမှ အရှေ့
မြောက်ပိုင်း၌ အခြေချ လှုပ်ရှားသူ
ထိပ်တန်းခေါင်းဆောင် တစ်ဦးပိုင်သည့်
လက်နက်များဖြစ်ကြောင်း ပန်ဂျီဒစ်ကပင်
ပြောကြားသည်။

ဖေဖော်ဝါရီ ၁၄ ရက်က ဗန်
ကောက်မြို့လယ်ရှိ လူစည်ကားရာ
အရပ်တွင် ဗုံးသုံးလုံးပေါက်ကွဲမှုနှင့်
ယခုသိမ်းဆည်းရမိခဲ့သော လက်နက်
များမှာ ဆက်စပ်ပုံတော့မရှိပါကြောင်း
လည်း ၄င်းက ဆက်လက်ပြောကြား
သည်။

စုံစမ်းဆောင်ရွက်ဆဲ

ယခု လက်နက်အရေးကိစ္စနှင့်
ပတ်သက်ပြီး သံသယဖြစ်ဖွယ် လက်နက်
ကုန်သည်များနှင့် အခြားဆက်စပ်သူ
များ၏ သတင်းအချက်အလက်များကို
သူ့အနေဖြင့် စုံစမ်းဆောင်ရွက်ဆဲဖြစ်သ
ဖြင့် အသေးစိတ်ထုတ်ဖော်ဆွေးနွေးမှုမပြု
လိုသေးကြောင်း ညွှန်ကြားရေးမှူးချုပ်က
ပြောကြားသွားခဲ့သည်။ **(အင်တာနက်)**



နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၂၃-၂-၂၀၁၂

>> တင်မောင်လွင် - စုစည်းသည် <<

တောင်ကိုရီးယားရေနံကုမ္ပဏီ ဂျော်ဒန်၌ ရေနံရှာဖွေမည်

ဂျော်ဒန်နိုင်ငံတွင် ရေနံရှာဖွေတူးဖော်မှုများပြုလုပ်ရန်အတွက် ဖေဖော်ဝါရီ ၂၂ ရက်က တောင်ကိုရီးယားရေနံကုမ္ပဏီတစ်ခုနှင့် သဘောတူနားလည်မှု စာချုပ်မှုကြမ်းကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါတောင်ကိုရီးယားကုမ္ပဏီသည် ဂျော်ဒန်နိုင်ငံအတွင်းရှိ ပင်လယ်သေဒေသနှင့် ဝါဒီအာရတ်ဒေသတို့ရှိ စုစုပေါင်းနယ်မြေဧရိယာအကျယ် အဝန်း ၆၈၁၉ စတုရန်းကီလိုမီတာအတွင်း ရေနံစူးစမ်းရှာဖွေမှုများ ပြုလုပ်သွားမည် ဖြစ်ပြီး ယင်းကုမ္ပဏီသည် ဂျော်ဒန်နိုင်ငံတွင် ရေနံရှာဖွေမှုကို တိုးမြှင့်လုပ်ဆောင် သွားရန် စိတ်ဝင်စားလျက်ရှိကြောင်း ဂျော်ဒန်နိုင်ငံသဘာဝစွမ်းအင်အရင်းအမြစ် ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းဈေးအတွင်း ပစ်ခတ်မှုဖြစ်ပွား

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဈေးတစ်ဈေးအတွင်း အကြမ်းဖက် သမားများဟု ယူဆရသူများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၃၀ ထက် မနည်းသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖေဖော်ဝါရီ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

ဘိုကိုဟားမားအကြမ်းဖက်သမားများဟု ယူဆရသော အဆိုပါအကြမ်းဖက် သမားများသည် ဖေဖော်ဝါရီ ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်က ဘော်ဒိုပြည်နယ် မာဒူဂါရီမြို့ရှိ ဘာဂါဈေးအတွင်းရှိ ဆိုင်ခန်းများအား ဖောက်ခွဲမှု များမပြုလုပ်မီ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းအခင်းဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားရာ အကြမ်းဖက်ဂိုဏ်းအဖွဲ့မှ အကြမ်းဖက်သမား ရှစ်ဦး သေဆုံးခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဈေးအတွင်းမပေါက်ကွဲသေးသည့် ဗုံးသုံးလုံးအား ရှာဖွေတွေ့ရှိ ခဲ့ပြီး ပေါက်ကွဲမှုကို ထိန်းချုပ်နိုင်ရန် ဈေးအပြင် ဘက်သို့ ယူဆောင်သွားနိုင်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူ ၃၀ထက်မနည်းသေဆုံးခဲ့ကြောင်း မာဒူဂါရီဆေးဘက်သင်ကြားမှုတက္ကသိုလ်မှ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ တက္ကဆက်တွင် လေယာဉ်ငယ်ပျက်ကျ

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အနောက်ပိုင်းတွင် လေယာဉ်ငယ် တစ်စင်းပျက်ကျမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင် များက ဖေဖော်ဝါရီ ၂၂ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ အဆိုပါ လေယာဉ် ငယ်သည် အိုကလာဟိုးမားမြို့သို့ ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး ယင်းလေယာဉ် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၁ ရက်နံနက်ပိုင်းက အယ်လ် ကာနီမြို့၏ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ မွေးမြူရေးခြံကြီး တစ်ခုအတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ် ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသည့် လေယာဉ်မှူးတစ်ဦးနှင့် ခရီးသည်တစ်ဦးတို့ သေဆုံးခဲ့သည်ဟု အာဏာပိုင်များက အတည်ပြုခဲ့ကြောင်း အမေရိကန်လေယာဉ် ထုတ်လုပ်ရေးမှ တာဝန်ရှိသူများ၏ ပြောကြားချက်အား အေဘီစီသတင်းဌာနမှ ကိုးကားဖော်ပြသည်။ ယင်းလေယာဉ်မှာ အင်ဂျင်တစ်လုံးတပ် လေယာဉ်ငယ်ဖြစ်ပြီး တက္ကဆက်ရှိ အဘီလီနီမြို့မှ အိုကလာဟိုးမားသို့ ဖေဖော်ဝါရီ ၂၀ ရက်ညက ပျံသန်းလာစဉ် ထိုသို့ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အာဂျင်တီးနား၌ ရထားမတော်တဆမှုဖြစ်ပွား၊ ၄၉ ဦးသေဆုံး ၆၀၀ ကျော်ဒဏ်ရာရရှိ

ဗျူနိုအေရီစ် ဖေဖော်ဝါရီ ၂၃

အာဂျင်တီးနားနိုင်ငံတွင် ခရီးသည်တင်ရထားတစ်စင်း ဖေဖော်ဝါရီ ၂၂ ရက်က မတော်တဆမှုဖြစ်ပွားခဲ့ရာ ၄၉ ဦးသေဆုံးပြီး ၆၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အာဂျင်တီးနားအရာရှိများက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

၄င်းရထားသည် ဗျူနိုအေရီစ်မြို့ဆင်ခြေဖုံးရှိ ဝမ့်ဘူတာရုံအတွင်း တစ်နာရီ ကီလိုမီတာ ၂၀ နှုန်းဖြင့် မောင်းဝင်လာပြီးနောက် ရထားလမ်းခွဲ အဆုံးရှိ အရှိန်ထိန်းနံရံတစ်ခုကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ထိုသို့ဝင်တိုက်မိသည့်အရှိန်ကြောင့် လူအပြည့်စီးနင်းလိုက်ပါလာသည့် ရထားဒုတိယတွဲက ပထမတွဲကို အရှိန်ဖြင့်ဝင်ဆောင့်မိခဲ့ရာမှ လူအများအပြားသေဆုံးခဲ့ရခြင်းဖြစ်သည်။ **(အောက်ပုံ)**

ရထားမတော်တဆမှုဖြစ်ပွားခဲ့ရာ ရထားတွဲများအတွင်း လူအများအပြား ပိတ်မိနေခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့ များက ပိတ်မိနေသောလူများအား ရထား တွဲများအတွင်းမှ ကယ်ဆယ်ခဲ့ရသည်။ ဒဏ်ရာရရှိသူများကို အနီးရှိဆေးရုံသို့ အရေးပေါ်တင်ပို့ပေးထားရသည်။

အဆိုပါ ရထားမတော်တဆမှု ကြောင့် လူအများအပြားသေဆုံးခဲ့ရသည့် အတွက် အာဂျင်တီးနားသမ္မတ ဖာနန် ဒက်ဇ်က ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ နိုင်ငံတော်အတွက် ဝမ်းနည်း ကြေကွဲဖွယ်ရာနေ့များဖြစ်ကြောင်း ထုတ် ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ ရေလွှမ်းမှုများ ဖြစ်ပေါ်နေ

ဂျကာတာ ဖေဖော်ဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားနှင့်စုမတြားပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း အင်ဒိုနီးရှား အရာရှိများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အရှေ့ဂျာဗားပြည်နယ်တွင် ပြီးခဲ့သည့် သီတင်းနှစ်ပတ်ကတည်းက ရေလွှမ်းမှုများဖြစ်ပေါ်နေခဲ့သည်။ ထို့အတူ အနောက်စုမတြားပြည်နယ် ဘိုင်ဂေါဒေသတွင်လည်း မြစ်ရေများလျှံပြီး ရေလွှမ်းမှုများဖြစ်ပွားလျက်ရှိသည်။ အနောက်စုမတြားပြည်နယ်တွင် တံတားအချို့ရေထဲမျောခဲ့ပြီး ဒေသခံပြည်သူအများအပြားမှာ အိုးမဲ့အိမ်မဲ့ဖြစ် လျက်ရှိသည်။ တစ်ဖန်မြေပြိုမှုများကြောင့် အိုးအိမ်များပျက်စီးကာ ဒေသခံအများအပြား စားနပ်ရိက္ခာအခက်အခဲ ကြုံတွေ့နေရသည်။ သဘာဝဘေးဒုက္ခကြုံတွေ့နေရသည့် ဒေသများအား အင်ဒိုနီးရှားအစိုးရက ကယ်ဆယ်ရေး အဖွဲ့များစေလွှတ်ကာ အကူအညီပေးလျက်ရှိသည်။ **(အင်တာနက်)**



အာကာသအတွင်းရှိ ကြယ်တာရာတစ်ခုမှ ဘောလုံးပုံသဏ္ဌာန်ကာဗွန်မော်လီကျူးများ ဖွဲ့စည်းထားမှုတွေ့ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

နာဆာအာကာသသုတေသနပညာရှင်များက စပိုက်ဇာ အာကာသအဝေးကြည့်မှန်ပြောင်းကို အသုံးပြုလေ့လာခဲ့ရာ အာကာသအတွင်းတည်ရှိနေသော ကြယ်တာရာတစ်ခုအတွင်း၌ ကာဗွန်မော်လီကျူး များဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသော ဘောလုံးပုံသဏ္ဌာန်များကို ပထမဆုံးအကြိမ်တွေ့ရှိခဲ့ကြောင်း နာဆာက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

အထောက်အကူပြု

အဆိုပါ ဘောလုံးပုံသဏ္ဌာန်များတွင် ကာဗွန်မော်လီကျူး ၆၀ ရာခိုင်နှုန်းခန့်ပါဝင်ပြီး အခြားမော်လီ ကျူးအချို့လည်း ပါဝင်ဖွဲ့စည်းထားကြောင်း၊ ၎င်းဘောလုံးပုံသဏ္ဌာန် ဖြစ်ပေါ်နေသောအရာများကို သုတေသနပြုခဲ့ရာ ကမ္ဘာမြေအတွက် လျှပ်စစ်နှင့်ဓာတုဆိုင်ရာစွမ်းအင်များ ပိုမိုပြည့်ဖြိုးစေရန် အထောက် အကူပြုနိုင်ကြောင်း နာဆာက ဆက်လက်ပြောကြားသည်။

ယခုတွေ့ရှိရသောကြယ်တာရာကို အာကာသရှိ မာဂီလာနစ်ကလေ့ာအမည်ရှိ ကြယ်တာရာအစု အဝေးအနီးတွင် တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ နာဆာသုတေသနပညာရှင်များက အဆိုပါကြယ်တာရာနှင့် ပတ်သက်ပြီး သုတေသနပြုမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း (အရာရှိအဆင့်)သင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း (အရာရှိအဆင့်) သင်တန်း(၂/၂၀၁၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဒေသအလိုက်၊ ကဏ္ဍအလိုက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် မူဝါဒနှင့် ညီညွတ်ပြီး စနစ်တကျရှိစေရန်၊ အထောက်အကူရစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ခရိုင်စီမံကိန်းဦးစီးမှူး ၆၆ ဦး၊ ဝန်ကြီးဌာန ၃၃ ခုမှ သင်တန်းသား သင်တန်းသူ ၄၁ဦးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှနှစ်ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း (အရာရှိအဆင့်) သင်တန်း (၂/၂၀၁၂) ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၃ ရက်က ဘရူနိုင်းဒါရူဆလမ် နိုင်ငံ၏ (၂၈)နှစ်မြောက် အမျိုးသားနေ့ ညစာခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E Pehin Dato Rahmani Dato Basir ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်အား ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်အား ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hironori KANAZAWA သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရှေ့အိုး
လူ့မခိုး

မြန်မာ့အလင်း စာအုပ်စင်ကလျာ ၂၃-၂-၂၀၁၂

ရန်နိုင်ဦး၏ ပလန်ဘန်လက်ဆောင်စာအုပ်ထွက်ရှိ

စာရေးသူ ရန်နိုင်ဦး၏ ပလန်ဘန်လက်ဆောင်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ စာရေးသူသွားရောက်လေ့လာစေ့ငုခဲ့သည့် အတွေ့အကြုံများကို ရှုထောင့်စုံမှ စိတ်ဝင်စားဖွယ် ရေးသားထားသည်။

စာရေးသူက ဤကဲ့သို့သော SEA Games ပြိုင်ပွဲများအား အရှေ့တောင်အာရှ (၁၁)နိုင်ငံတွင် နိုင်ငံအလိုက်အလှည့်ကျ ကျင်းပသည့် အစဉ်အလာအရ ကျွန်တော်တို့ မြန်မာနိုင်ငံ၌ 27th SEA Games ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် တစ်ကြိမ် ကျင်းပပြီးပါက နောင်နှစ်ပေါင်း ၂၀ ကျော်မှသာ နောက်ထပ်တစ်ကြိမ် ထပ်မံကျင်းပခွင့်ရတော့မည်ဖြစ်သည်။ ထိုအချိန်ထိုကာလတွင် သင်္ချာရတရားအရ ကျွန်တော်တို့သည် လူ့လောက၌ ရှိမည်၊ မရှိမည်မှာ သိပ်မသေချာလှ။ ထို့ကြောင့် ကျွန်တော်တို့ ကြုံတောင့်ကြုံခဲ မျက်ဝါးထင်ထင် ပါဝင်ဆောင်ရွက်ခွင့်ရရှိသည့် လက်ရှိကာလတွင် 27th SEA Games ပြိုင်ပွဲကြီးကို နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အရာအားလုံးကို နားလည်ခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်းတို့ဖြင့် နိုင်ငံ့သားကောင်းပီသစွာ နိုင်ငံသားတိုင်းက ကိုယ်စီကိုယ်င အစွမ်းကုန်ကြိုးစား ဆောင်ရွက်သင့်လှပေသည်ဟု တိုက်တွန်းရေးသားထားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အထောက်အကူပြုမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆင့်မြင့် Background ရေးဆွဲနည်းစာအုပ် ဖြန့်ချိ

ဦးအောင်ဇော်ဇော် ရေးသားသည့် အဆင့်မြင့် Background ရေးဆွဲနည်းများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ဓာတ်ပုံများ၊ ဒီဇိုင်းများ ဖန်တီးရာ၌ အသုံးဝင်သည့် Background များအကြောင်းကို ဖော်ပြထားသည့်အပြင် Pen Cool ကို အသုံးပြုပြီး Background ဖန်တီးခြင်း၊ နှင်းဆီလှိုင်း Background ဖန်တီးခြင်း၊ Wall Paper Background တစ်ခု ထည့်သွင်းခြင်း၊ Pattern နှစ်ခုဖြင့် Background ဖန်တီးခြင်း၊ အရိပ်တစ်ခုထည့်သွင်းခြင်း စသည်ဖြင့် ကဏ္ဍများခွဲ၍ ရေးသားဖော်ပြထားသည်။ အဆိုပါစာအုပ်ကို မနောဖြူစာပေအမှတ် ၂၃၅ (မြေညီထပ်) ၃၇ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၄၃၈၇၃ က ဖြန့်ချိထားကြောင်း သိရှိရသည်။

နိုင်ငံတကာအနုပညာ

မြင့်မောင်စိုး - ရေးသားသည်

ကမ္ဘာကျော်အဆိုတော်အဒေလီ Brit ဂီတဆုနှစ်ဆု ဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၂၃

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် အဒေလီ

ကမ္ဘာကျော် ပေါ့ပ်အဆိုတော် အဒေလီဟာ ဖေဖော်ဝါရီ ၂၁ ရက်က လန်ဒန်မြို့မှာကျင်းပတဲ့ Brit ဂီတဆုပေးပွဲမှာ ဆုနှစ်ဆုဆွတ်ခူးသွားပြန်ပါပြီ။ သူမဟာ လွန်ခဲ့တဲ့ သီတင်းပတ်က ဂရမ်မီဆုပေးပွဲမှာ ဆုစံချိန်တင် အများဆုံးခြောက်ဆုအထိ ဆွတ်ခူးခဲ့ပြီးတဲ့နောက် ယခုတစ်ဖန် Brit ဂီတဆုပေးပွဲမှာ ထပ်မံပြီး ဆုနှစ်ဆု ဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။

ဒီဂီတဆုပေးပွဲဟာ ဗြိတိန်နိုင်ငံရဲ့ အကျော်ကြားဆုံး ဂီတဆုပေးပွဲ ဖြစ်ပါတယ်။ ဗြိတိသျှအဆိုတော် အဒေလီဟာ Brit ဆုပေးပွဲမှာတော့ အမျိုးသမီးတစ်ကိုယ်တော် ဂီတပညာရှင်ဆုနဲ့ တစ်နှစ်တာအကောင်းဆုံး အယ်လ်ဘမ်ဆုတို့ကို ဆွတ်ခူးခဲ့ခြင်း ဖြစ်ပါတယ်။ သူမဟာ 21 လို့ အမည်ရတဲ့ အယ်လ်ဘမ်နဲ့ပင် အကောင်းဆုံးအယ်လ်ဘမ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ International Male Solo Artist ဆုကိုတော့ အမေရိကန် အဆိုတော် ဘရူနိုမားစ်က ဆွတ်ခူးခဲ့ပါတယ်။ International Femal Solo Artist ဆုကိုတော့ အမေရိကန်အဆိုတော် ရီဟာန်နားက ဆွတ်ခူးသွားခဲ့ပါတယ်။ နိုင်ငံတကာတေးဂီတအဖွဲ့လိုက်ဆုကို Foo Fighters အဖွဲ့က ရရှိသွားပါတယ်။ International Breakthrough Act ဆုကို အဆိုတော် လာနာဒယ်ရေးက ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဗြိတိသျှလူငယ်အမျိုးသား အဆိုတော်ဖြစ်တဲ့ အက်ဒ်ရှာရန်ကလည်း အမျိုးသားအကောင်းဆုံး ဂီတဆုနဲ့ ဗြိတိသျှအကောင်းဆုံး Breakthrough ဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ Coldplay ဂီတအဖွဲ့ကတော့ ဗြိတိသျှအကောင်းဆုံး အဖွဲ့လိုက်ဂီတဆုကို တတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရပါတယ်။

ဗြိတိသျှအဆိုတော် အဒေလီဟာ သူမရဲ့ဒုတိယမြောက် အယ်လ်ဘမ်ဖြစ်တဲ့ 21 နဲ့ အကောင်းဆုံး အယ်လ်ဘမ်ဆု ဆွတ်ခူးခဲ့ပါတယ်။ ဒီအယ်လ်ဘမ်ဟာ နိုင်ငံတစ်ဝန်း အယ်လ်ဘမ်ရောင်းချမှု ၁၇ သန်းအထိရှိခဲ့ပြီး နိုင်ငံပေါင်း ၂၆ နိုင်ငံမှာ နံပါတ်တစ်ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ ***(အင်တာနက်)***

■ *ကျောဖုံးမှ*

အောင်မြင်မှုရမယ့် ဇာတ်ကား ဖြစ်မယ်လို့ ယုံကြည်ခဲ့ပါတယ်။

သတင်းထောက် ။ ။**ဒီဇာတ်ကားဟာ အရင်ကဘယ်လိုထူးချွန်ဆုတွေ ရထားသေးလဲ။ အရင်ကကော အကောင်းဆုံး ဒါရိုက်တာဆုတွေ ရရှိဖူးလား။ ရှိရင်ပြောပြပေးပါဦး။**

ဟာဇာနာဗီစီးရပ်စ် ။ ။The Artist ဇာတ်ကားနဲ့ ၂၀၁၁ ခုနှစ် ကိန်းရုပ်ရှင်ပွဲတော်မှာ ရုပ်ရှင်မင်းသား ဂျိမ်းဒူဂျာဒင်က အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ရရှိခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ် ဩစတြေးလျရုပ်ရှင်နဲ့ ရုပ်မြင်သံကြား အနုပညာအကယ်ဒမီဆုချီးမြှင့်ပွဲမှာ အကောင်းဆုံးရုပ်ရှင်ဆု ဆွတ်ခူးရရှိခဲ့တဲ့အပြင် အကောင်းဆုံးဒါရိုက်တာဆုလည်း ရရှိခဲ့ပါတယ်။ နောက်ပြီး ချီကာဂိုရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ပွဲမှာ အကောင်းဆုံး ရုပ်ရှင်ကားအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဒင်ဗာရုပ်ရှင်ဆုအတွက် အကောင်းဆုံးဒါရိုက်တာဆုအပြင် လန်ဒန်ရုပ်ရှင်ရွေးချယ်ရေးအဖွဲ့က ချီးမြှင့်တဲ့ ၂၀၁၁ ခုနှစ် တစ်နှစ်တာ အကောင်းဆုံး ဒါရိုက်တာဆုကိုလည်း ဒီဇာတ်ကားနဲ့ရရှိခဲ့ပါတယ်။

သတင်းထောက် ။ ။**ရုပ်ရှင်မင်းသားဂျော့ကလူနေက ဘယ်ဇာတ်ကားနဲ့ အော်စကာဆု ပဏာမစာရင်းအရွေးခံရတာလဲ။ တကယ်လို့ ရွေးချယ်ခံရရင် အော်စကာဆု ဘယ်နှကြိမ်မြောက်ဖြစ်မလဲ။**

ဂျော့ကလူနေ ။ ။ဒီနှစ်အော်စကာဆုအတွက် The Descendants ဇာတ်ကားနဲ့အကောင်းဆုံးသရုပ်ဆောင်ဆု အမည်စာရင်းရွေးချယ်ခံထားရတာပါ။ ဒီနှစ်အော်စကာဆုအတွက် ရွေးချယ်ခံရရင်တော့ ဒုတိယမြောက် အော်စကာဆုဖြစ်ပါတယ်။ ပထမအကြိမ်ရရှိခဲ့တာ ၂၀၀၆ ခုနှစ်က ဖြစ်ပြီး Syriana ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသားဇာတ်ပို့ အော်စကာဆုရရှိခဲ့ခြင်းဖြစ်ပါတယ်။

သတင်းထောက် ။ ။**ရုပ်ရှင်မင်းသမီး မီချယ်ဝီလီယမ်စ်က အနုပညာလောကကို ဘယ်အချိန်က စတင်ရောက်ရှိခဲ့ပါသလဲ။ ဘယ်ရုပ်ရှင်ကားနဲ့ အော်စကာဆု ပဏာမအမည်စာရင်း အရွေးခံရတာလဲ ပြောပြပေးပါ။**

မီချယ်ဝီလီယမ်စ် ။ ။"My Week With Marilyn" ဇာတ်ကားနဲ့ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကားမှာ မာရီလင်မွန်ရိုးအဖြစ်နဲ့ သရုပ်ဆောင်ထားတာပါ။ အသက် ၁၃ နှစ်ကတည်းက အနုပညာလောကရောက်ရှိခဲ့တာဖြစ်လို့ အနုပညာသက်တမ်းကိုးနှစ်ရှိပါပြီ။

သတင်းထောက် ။ ။**အရင်က အော်စကာဆုရရှိဖူးလား၊ အခြားရုပ်ရှင်ထူးချွန်ဆုတွေရရှိခဲ့ဖူးရင် ပြောပြပေးပါဦး။**

မီချယ်ဝီလီယမ်စ် ။ ။အော်စကာဆုမရရှိခဲ့ဖူးပါဘူး။ အော်စကာဆုအတွက် ပဏာမအမည်စာရင်းရွေးချယ်ခံရတာ ပထမဆုံးအကြိမ်ပါပဲ။ ၂၀၁၁ ခုနှစ် ဟောလိဝုဒ်ရုပ်ရှင်ပွဲတော်မှာ Take This Waltz ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုရရှိခဲ့ပါတယ်။ ဒါ့အပြင် Meek's Cut-off ဇာတ်ကားနဲ့ ၂၀၁၁ ခုနှစ် အကောင်းဆုံး Golden Globe ဆု ရရှိခဲ့ပြီး နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေမှာ အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်ဆုခြောက်ဆု ရရှိခဲ့ဖူးပါတယ်။ ။

ကြံခင်းမြို့နယ် ကွင်းကြီးအုပ်စု မှန်ကွင်းကျေးရွာ ပေချောင်းတံတား ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်ဟာရန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်တို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘူတန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော်   ဖေဖော်ဝါရီ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘူတန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ လီအွန်ပို ကင်ဇန်ဒိုဂျီသည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** နှစ်နိုင်ငံ ဆက်ဆံရေး မြှင့်တင်ရန်နှင့် နှစ်နိုင်ငံ အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အိန္ဒိယသမ္မတနိုင်ငံ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်   ဖေဖော်ဝါရီ ၂၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အိန္ဒိယသမ္မတနိုင်ငံ Educational Consultants India Limited (EdCIL) မှ Director Mr. KVL Narasimham ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ဝဲပုံ)** အရည်အချင်း ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော်   ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမရဟိုတယ်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များဖြစ်ကြသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် တရုတ်သံအမတ်ကြီးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခြေအနေများကို မေးမြန်းရာ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များက ငြိမ်းချမ်းရေးဆွေးနွေးအောင်မြင်မှုများနှင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား အမေရိကန်နိုင်ငံ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား အမေရိကန်နိုင်ငံ Deputy Assistant Secretary of Defense Mr. Robert Newberry, Director of the Defense POW/Missing Personal Office (DPMO) နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော်   ဖေဖော်ဝါရီ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား အမေရိကန်နိုင်ငံ Deputy Assistant Secretary of Defense Mr. Robert Newberry, Director of the Defense POW/Missing Personal Office (DPMO) နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လက်ခံမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

နေပြည်တော်   ဖေဖော်ဝါရီ ၂၃

၁၃၇၃ခုနှစ် တပေါင်းလပြည့်နေ့ ၂၀၁၂ ခုနှစ် မတ် ၇ ရက် (ဗုဒ္ဓဟူးနေ့) တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား၌ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက် ဖုန်း-၀၆၇-၄၀၆၀၄၅ ထံတွင် မတ် ၃ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ခရီးစဉ်သစ် ယာဉ်လိုင်းတိုးချဲ့ဖွင့်

ရန်ကုန်   ဖေဖော်ဝါရီ ၂၃

မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏ ခရီးစဉ်သစ် ယာဉ်လိုင်းတိုးချဲ့ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်း အဝေးပြေးယာဉ်ရပ်နားစခန်း၌ ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌဦးကျင်ဖေ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းလှိုင်နှင့် မန္တလာမင်း ယာဉ်အသင်းဥက္ကဋ္ဌဒေါ်လှဲ့လှဲ့အေးတို့က ခရီးစဉ်သစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မန္တလာမင်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးသည် ရန်ကုန်-နေပြည်တော်-မိတ္ထီလာ- ကျောက်ပန်းတောင်း- ပုဂံ/ညောင်ဦး-မန္တလေး-ပြင်ဦးလွင် ခရီးစဉ်များအပြင် တိုးချဲ့ခရီးစဉ်အမြစ် ရန်ကုန်-မော်လမြိုင်/ မုဒုံ၊ မော်လမြိုင်-နေပြည်တော်၊ မော်လမြိုင်- မန္တလေး ခရီးစဉ်များကို အဆင့်မြင့်အဲယားကွန်းလေအိတ်ကားသစ် အစီး ၇၀ ခန့်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်းနှင့် ရန်ကုန် ဖုန်း-၀၁-၆၃၆၈၀၀၊ ၆၃၇၃၃၇၊ ၇၀၀၁၉၄ နှင့် ၇၀၄၇၅၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ဟောပြောမည်

ရန်ကုန်   ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ Native Power Technology Co., Ltd. နှင့် LPG Service Provider(Top Gas Co., Ltd.)တို့မှ ပူးပေါင်းပြီး ရန်ကုန်မြို့ Part Royal ဟိုတယ်၌ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၅၆၀၉၈၆၊ ၅၆၆၁၈၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၂၄-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၁၀ ၁။ တရားတော်
၇း၂၀ ၂။ မျိုးချစ်တပ်မတော်
၈း၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၄၅ ၁။ အိုင်စီတီသုတ
၄း၅၅ ၂။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဇီဝဗေဒ)
၆း၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၄။ **ရှာ** ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာစေတမန်** (အပိုင်း-၃၉)
၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ဒို့တာဝန်အရေး (၃)ပါး
၉။ နိုင်ငံတကာသတင်း
၁၀။ မိုးလေဝသသတင်း
၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ ကွန်းခိုရာ** (အပိုင်း-၁၄)
၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒယနှောင်ကြိုး** (အပိုင်း-၆)

ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းသို့ အလွယ်တကူသွားလာနိုင်ပြီး ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုနေသည့် ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတား

တံတားအချက်အလက်များ

၁။ ဆင်ဖြူရှင်တံတား၏ ပင်မတံတားမှာ သံမဏိတံတား အမျိုးအစားဖြစ်ပြီး ၄၉၅၇ ပေရှည်သည်။

၂။ ချဉ်းကပ်ရထားလမ်းအရှည်မှာ အရှေ့ဘက်တွင် ၁၇၆၅ ပေနှင့် အနောက်ဘက်တွင် ၄၂၅ ပေရှိသည်။

၃။ မော်တော်ယာဉ်သွားလမ်းတစ်ဖက်လျှင် ၁၄ ဒသမ ၇၆ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၄ ဒသမ ၉၂ ပေစီကျယ်သည်။ တံတားကြီး၏ ရထားလမ်းအကျယ်မှာ ၁၉ ဒသမ ၆၈ ပေ ဖြစ်သည်။

၄။ တံတားအောက်ရေလမ်းကင်းလွတ်အကျယ်ပေ ၂၁၀၊ အမြင့် ၃၆ ပေ ရှိသည်။ မော်တော်ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၃၆ တန် ဖြစ်သည်။

၅။ ဆင်ဖြူရှင်တံတားကို ၇-၃-၁၉၉၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈-၉-၁၉၉၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

- ❐ ချင်းတွင်းမြစ်ကူးတံတား(ဆင်ဖြူရှင်)သည် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တို့ကို ဆက်သွယ်ထားသည်။
- ❐ ကားလမ်းရော ရထားလမ်းပါ အသုံးပြုနိုင်သည်။
- ❐ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း လွယ်လင့်တကူ အပြန်အလှန်သွားလာနိုင်ပြီး ဒေသပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း ဖွံ့ဖြိုးတိုးတက်လာသည်။
- ❐ ဆင်ဖြူရှင်တံတားသည် မြန်မာအင်ဂျင်နီယာများ၏ ကိုယ်ပိုင်အရည်အသွေး၊ အရည်အချင်းများဖြင့် ကိုယ်ပိုင်အတွေ့အကြုံများကို အရင်းခံပြီး ကြိုးပမ်းတည်ဆောက်ထားသည်။ ချင်းတွင်းမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် ပထမဦးဆုံး တံတားကြီးဖြစ်သည်။
- ❐ မန္တလေးမှ စစ်ကိုင်း၊ ပခုက္ကူ၊ ပေါက်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များသို့ မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ မန္တလေးမှ စစ်ကိုင်း (ချောင်းဦး)၊ ရေစကြို၊ ဂန့်ဂေါ၊ ကလေးမြို့များသို့ မီးရထားဖြင့်လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။
- ❐ ချင်းတွင်းမြစ်ကူးတံတား (ဆင်ဖြူရှင်)သည် တိုင်းရင်းသားများ၏ ချစ်ကြည်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးကို ရေတိုရော၊ ရေရှည်မှာပါ အထောက်အကူပြု ဖော်ဆောင်သွားမည့် တံတားကြီးဖြစ်သည်။



သတင်းမှတ်စု - မောင်ငြိမ်းအေး

24-2 (07).pmd 1 2/24/2012, 2:00 AM

❒ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတက သိန်းနီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀ အတွက် ဆိုလာမီးအိမ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်(၅)ခုကို ပေးအပ်လှူဒါန်းရာ ဒေသခံယဉ်ကျေးမှုအဖွဲ့များက လက်ခံကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ၊ သမဝါယမဘဏ်ဥက္ကဋ္ဌ၊ ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတားလိုက်ကုမ္ပဏီဥက္ကဋ္ဌတို့က ရှမ်း၊ ကချင်၊ လားဟူ၊ ပလောင်နှင့် ကိုးကန့်ယဉ်ကျေးမှုအဖွဲ့များအတွက် ငွေကျပ်သိန်း (၁၀၀) ကို စုပေါင်း၍ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့ မြို့လယ်မင်္ဂလာရုံကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇေယျ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ထံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီးတို့သည် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်အမွှေးနံ့သာတို့ဖြင့်လည်းကောင်း၊ ရွှေသင်္ကန်းကိုလည်းကောင်း ကပ်လှူပူဇော်ပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ရှေးဟောင်းရိုးရာယဉ်ကျေးမှု လက်ရာပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး ကွမ်းလုံမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့နှင့် တိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကွမ်းလုံခရိုင်အုပ်ချုပ်ရေးမှူးက ၁၅-၁၂-၂၀၁၁ ရက်က လာရောက်ခဲ့သော ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့မိမြို့ဖ နှစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ရှောက်ချန်းတို့က ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် မီးသတ်မော်တော်ယာဉ်ရရှိရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ကျေးရွာအုပ်စုများအတွက် ဆိုလာမီးအိမ် (၂၅) လုံးကို ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌက ရှမ်း၊ ကချင်၊ 'ဝ'နှင့် ကိုးကန့်ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ်သိန်း (၂၀) စီဖြင့် ငွေကျပ်သိန်း ၈၀နှင့် ကွမ်းလုံမြို့နယ် ဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း (၂၀၀)၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌက ကျေးရွာငါးရွာအတွက် ငွေကျပ်သိန်း (၂၀၀)၊ သမဝါယမဘဏ်ဥက္ကဋ္ဌက ကျေးရွာ (၂၄) ရွာအတွက် ငွေကျပ်သိန်း (၄၂၀)တို့ကို စီးပွားရေးလုပ်ငန်းရှင်များကိုယ်စား ပေးအပ်လှူဒါန်းကြရာ တိုင်းရင်းသားများနှင့် မြို့မိမြို့ဖများက လက်ခံကြသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက် (၁၀) စုံနှင့် ကွမ်းလုံအထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့အတွက် ဝတ်စုံစရိတ် ငွေကျပ်သိန်း (၅၀) တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယသမ္မတသည် သံလွင်ဦးခန်းမ၌ ကိုးကန့်တိုင်းရင်းသားများအား ထပ်မံတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးကန့်တိုင်းရင်းသား ဦးထွန်းရင်က သောက်သုံးရေရရှိရေး၊ ဆက်သွယ်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌက ရှင်းလင်းတင်ပြပြီး သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် အလှူငွေကျပ်သိန်း (၄၀၀) ကို ပေးအပ်လှူဒါန်းရာ ကိုးကန့်တိုင်းရင်းသားများက လက်ခံကြသည်။

ထို့ပြင် အေးရှားဝေါလ်ကုမ္ပဏီက ကွမ်းလုံမြို့နယ် CDMA တာဝါတိုင်တွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်လိုအပ်သော ဆိုလာပြားများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ကွမ်းလုံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် သိန်းနီမြို့နှင့် ကွမ်းလုံမြို့တို့သို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ယခုကဲ့သို့ လာရောက်ခြင်းသည် သိန်းနီမြို့နယ်နှင့် ကွမ်းလုံမြို့နယ်များအတွင်း လိုအပ်ချက်များထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခင်ပြီးခဲ့သည့် (၂)လခန့်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်

လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုများကိုလည်း လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့အစိုးရအနေဖြင့် ယခုအချိန်တွင် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်မှာ မြို့ပြတွင်နေထိုင်ကြကြောင်း။

UNDP နှင့် UNICEF တို့မှ တွက်ချက်မှုများအရ မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးရည်မှန်း၍ လုပ်ငန်းစဉ် (၈)ရပ်ပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါစီမံကိန်းအတွက် ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြို့နယ်များအနေဖြင့် လုပ်ငန်းစဉ်(၈)ရပ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေဘဲ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ အဆိုပါလုပ်ငန်းများသည် ဗဟိုမှအသင်းအဖွဲ့ ပုံစံဖွဲ့စည်းပေးပြီးမှ ဆောင်ရွက်စေခြင်းမဟုတ်ဘဲ ရပ်ရွာအတွင်းရှိ စိတ်တူ သဘောတူ ဆန္ဒတူညီသူများ၏ စိတ်ဆန္ဒအရ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်၍ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

သေချာစွာရွေးချယ်

မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသည့် ကိုယ်စားလှယ်နေရာများအတွက် ပြန်လည်ရွေးချယ်တင်မြှောက်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကို သေချာစွာရွေးချယ်နိုင်ကြပါစေဟု ဆန္ဒပြုလိုပါကြောင်း။

သိန်းနီမြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုအတွက် အဟန့်အတားတစ်ခုဖြစ်နေသည့် သိန်းနီကုန်ပစ္စည်း စစ်ဆေးရေးစခန်းအား နိုင်ငံတော်မှ ဖျက်သိမ်းလိုက်သည့်အတွက် ဒေသခံပြည်သူများ များစွာအဆင်ပြေကြောင်းသိရှိရ၍ ဝမ်းသာကြောင်း၊ ကွမ်းလုံမြို့နယ်တွင် လိုအပ်လျက်ရှိသောကျောင်းများ အဆင့်မြှင့်တင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်ရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး၊ မီးသတ်ယာဉ်နှင့် မီးသတ်စခန်းဖွင့်လှစ်ခွင့်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ဥပဒေ၊ စည်းကမ်း၊ မူဘောင်များအတွင်းမှ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရည်မှန်းဆောင်ရွက်

မိမိတို့နိုင်ငံသည် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးကို ဆောင်ရွက်နေရဆဲဖြစ်၍ စိုက်ပျိုးရေးကဏ္ဍအပါအဝင် စက်မှုကုန်ထုတ်လုပ်မှုကိုအခြေခံသောနိုင်ငံအဖြစ် တိုးတက်ပြောင်းလဲနိုင်ရေး ရည်မှန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးသည် စား၊ ဝတ်၊ နေရေးအတွက် ဖူလုံလောက်ငမှုရှိသော်လည်း အဆင့်အတန်းမီသော လူမှုဘဝအထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်မည်မဟုတ်ကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ GDP တွင် စိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်မှုသည် ၁၅ ရာခိုင်နှုန်းခန့်မျှသာရှိပြီး ကျန် ၈၅ ရာခိုင်နှုန်းခန့်မှာ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့ ဖြစ်ကြောင်း၊ သိန်းနီမြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့သည် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရန်အတွက် အခြေခံကောင်းများ များစွာရှိသောဒေသဖြစ်ကြောင်း။

စိမ်းလန်းသော တောတောင်များနှင့် သာယာလှပသော သဘာဝရှုခင်းများအပြင် ခရီးသွားဧည့်သည်ကို အလွန်ဆွဲဆောင်နိုင်သည့် ခိုင်မာသောမြို့သမိုင်းကြောင်းများ၊ သမိုင်းဝင်နေရာများ များစွာရှိနေပြီးဖြစ်ကြောင်း။

ယခုအချိန်သည် မိမိတို့နိုင်ငံသို့ လာရောက်လည်ပတ်လိုသည့် နိုင်ငံအများအပြားမှ ခရီးသွားဧည့်သည်များမှာ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာနေကြောင်း၊ သို့ဖြစ်၍ ခိုင်မာသောသမိုင်းကြောင်းနှင့် သမိုင်းဝင်နေရာဒေသအဆောက်အအုံများကို အခြေခံ၍ ပြခန်းများ၊ ပြတိုက်များ၊ ကြည့်ရှုလေ့လာရန် နေရာများအဖြစ် ဖော်ထုတ်ပြသနိုင်ပါက ခရီးသွားဧည့်သည်များ များစွာ စိတ်ဝင်စားကြမည် ဖြစ်ကြောင်း။

သိန်းနီ၊ ကွတ်ခိုင်၊ လားရှိုး၊ မူဆယ်စသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင်၊ ရေရှည်တည်တံ့သည့် ခရီးသွားဒေသတစ်ခုဖြစ်လာအောင် ယခုကပင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်းဆိုသည်မှာ ဟိုတယ်ကြီးများ ဆောက်လုပ်နိုင်မှ လုပ်ငန်းလုပ်ကိုင်နိုင်သည်မဟုတ်ဘဲ ဧည့်ဝတ်ပျူငှာစွာဆက်ဆံခြင်း၊ ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ ဒေသနှင့်လိုက်လျောညီထွေဖြစ်သည့် နေထိုင်စားသောက်ရေး စသည်များကို သန့်ရှင်းသပ်ရပ် အဆင့်အတန်းတစ်ခုဖြင့် ထားပေးနိုင်လျှင်ပင် များစွာအောင်မြင်နိုင်ကြောင်း။

ထို့အပြင် ဤဒေသတွင်ဝန်ဆောင်မှုကဏ္ဍအပြင် စက်မှုကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက် မူဆယ်ဒေသပတ်ဝန်းကျင်၌ စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တစ်ခု တည်ထောင်နိုင်ရေးအတွက် ဖြစ်နိုင်ခြေများကိုလည်း စူးစမ်းလေ့လာလျက်ရှိကြောင်း။

မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ အလုပ်အကိုင်သွားရောက်အလုပ်လုပ်ကိုင်နေသူ သုံးသန်းခန့်ရှိကြောင်း၊ အလားတူ ဤဒေသမှ တစ်ဖက်နိုင်ငံတွင် အလုပ်သွားရောက် လုပ်ကိုင်နေရသူများလည်းရှိကြောင်း၊ ၎င်းတို့သည် ပြည်ပနိုင်ငံများတွင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နေခြင်းမဟုတ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အမှန်တကယ် ဘဝအာမခံချက်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာပါက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်မိသားစုရှိရာနေရာတွင်သာ ပြန်လည်လာရောက်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း။

တစ်နိုင်တစ်ပိုင်

ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပေးနိုင်မည့် ကုန်ထုတ်လုပ်ငန်းများပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ စက်မှုဇုန်ကြီးများမဖော်ထုတ်နိုင်သေးမီကာလတွင်လည်း ဒေသအတွင်း၊ မြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် ထုတ်လုပ်နေသည့် ထုတ်ကုန်လုပ်ငန်း(ဥပမာ-စားသောက်ကုန်)များကို အများပိုင်ကုမ္ပဏီများအသွင် ဖွဲ့စည်း၍ ရင်းနှီးမြှုပ်နှံပြီး ဒေသထွက်ကုန်အဆင့်မှ တိုင်းပြည်ထွက်ကုန်တစ်ရပ်အဆင့်သို့ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ဤနေရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်မှ အသေးစားငွေချေးလုပ်ငန်းအား ထိရောက်စွာအသုံးချနိုင်ကြကြောင်း၊ မိသားစုလုပ်ငန်းမှ ဒေသတွင်းလုပ်ငန်း၊ ဒေသတွင်းလုပ်ငန်းမှ တိုင်းပြည်ထုတ်ကုန်လုပ်ငန်းအဖြစ် တိုးမြှင့်ရေးတွင် အသေးစားငွေချေးလုပ်ငန်းများ၊ ဘဏ်များ၏အင်အားဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြကြောင်း။

ထို့ကြောင့် မိမိဒေသအတွင်း ဖြစ်နိုင်ဖွယ်ရာလုပ်ငန်းများအား စူးစမ်းလေ့လာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းသုံးသပ်ခြင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါများသည့်ဒေသ၊ လူမှုစီးပွားဘဝအဆင့်အတန်းမီသော ဒေသတစ်ခုဖြစ်လာအောင် မိမိအပါအဝင် ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြို့နယ်များ၏ တင်ပြချက်အများစုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ရှင်းလင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များမှာ ရုံးလုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ သက်ဆိုင်ရာမှတစ်ဆင့် တင်ပြပေးစေလိုကြောင်း၊ အချို့ကိစ္စရပ်များတွင် အစိုးရကိုချည်းအားကိုးမနေဘဲ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မိမိနှင့်အတူ လာရောက်ခဲ့သည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်ကြီးများက ငွေကျပ်သိန်း (၂၀၀၀) မတည်ပေးထားပြီဖြစ်၍ အခြေခံလူတန်းစားများအတွက် အသေးစားငွေစုငွေချေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ ထပ်မံလာရောက်ချိန်တွင် လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဘဝအမောပြေ အာကာဟိန်း-ရေးသားသည်

အဆိုတော်

တေးဂီတဖျော်ဖြေပွဲတစ်ခု၌ အဆိုတော်တစ်ဦးက သီချင်းသုံးပုဒ်ကို ဆက်တိုက်သီဆိုပြီးနောက် ပရိသတ်ကြီးကိုမေးမြန်းလိုက်သည်။

အဆိုတော် ။ ။ အားလုံးအဆင်ပြေရဲ့လား။
ပရိသတ် ။ ။ ပြေပါတယ်။
အဆိုတော် ။ ။ စိတ်တိုင်းကောကျရဲ့လား။
ပရိသတ် ။ ။ စိတ်တိုင်းကျပါတယ်။
အဆိုတော် ။ ။ ဒါဆိုရင်··ပရိသတ်ကြီးကိုကျေးဇူးတင်ပါတယ်။
ပရိသတ် ။ ။ ကျွန်တော်တို့ကလည်း အထူးကျေးဇူးတင်ပါတယ်။
အဆိုတော် ။ ။ ဘာဖြစ်လို့ကျေးဇူးတင်တာလဲ··ပြောပါဦး။
ပရိသတ် ။ ။ ခင်ဗျားသီချင်းဆက်မဆိုတော့လို့ပါ။
အဆိုတော် ။ ။ ''ဗျာ''

ဒုတိယသမ္မတ ဒေါက်တာ
သိန်းနီနှင့်ကွမ်းလုံမြို့နယ
အသင်းဝင်နှင့် အမျိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ သိန်းနီမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးစုအမျိုးသမီး လူမှုကူညီရေးအသင်းခေါင်းဆောင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရာ အခမ်းအနားသို့ ဒေသခံအမျိုးသမီး (၁၂၂) ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီးက မိခင်နှင့်ကလေးစောင့်ရှောက်ရေး

အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများသည် မိမိတို့အမျိုးသမီးထုအားလုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများအပြင် အမျိုးသမီးများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်အမျိုးသမီးငယ်များ စီးပွားရေးအတွက် လက်မှုပညာလုပ်ငန်းများ သင်ကြားပေးရေး၊ ဘာသာရေးဆိုင်ရာ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်အောင်

တောင်ပိုင်းဒေသများတွင် နေရာ

နေပြည်တော် ဖေဖော်ဝါရီ

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်း
လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီ
ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့
ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်န
သာယာခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီ
ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူ
ဂရိတ်လျော့နည်းပြီး စစ်ကိုင်းတိုင်းဒေသကြီး
ဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝ
ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိ
ဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ
ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ န
တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင်
ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ
ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်
ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်
မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်
များတွင် နေရာကွက်ကျား မိုးအနည်းငယ်ထ
နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်
အားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် သိန်းနီနှင့်ကွမ်းလုံမြို့နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ သိန်းနီမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးစု အမျိုးသမီး လူမှုကူညီရေးအသင်း ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရာ အခမ်းအနားသို့ ဒေသခံအမျိုးသမီး (၁၂၂) ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီးက မိခင်နှင့်ကလေးစောင့်ရှောက်ရေး စောင့်ရှောက်လမ်းညွှန်ရေး စသည့် လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်ပါကြောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား စောင့်ရှောက်ရေးနှင့် ဆင်းရဲချို့တဲ့သော ကျေးလက်နေကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေး စောင့်ရှောက်မှုများကို ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရှေ့ဆက်ပြီးလည်း အမျိုးသမီးငယ်များ လူကုန်ကူးခံရမှုများကို လက်တွဲညီညီပူးပေါင်းပြီး တားဆီးကာကွယ်သွားစေ လိုပါကြောင်း၊ စေတနာနှင့် အနစ်နာခံမှုကိုအရင်းခံပြီး စည်းစည်းလုံးလုံး၊ လက်တွဲညီညီဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ မြို့နယ်အဆင့်တွင် ဖြေရှင်းရခက်သည့် အခက်အခဲရှိပါက သမီးများ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လျှော့ချမှုလုပ်ငန်းများတွင် မိမိတို့အသင်းအဖွဲ့များ အနေဖြင့် နိုင်ငံတော်အတွက် ကူညီဆောင်ရွက်ပေးနိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက အသင်း၏ဖွဲ့စည်းမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလူမျိုးစု၊ အမျိုးသမီး လူမှုကူညီရေးအသင်း ခေါင်းဆောင်များက အထွေထွေကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ဆက်လက်၍ သိန်းနီမြို့နယ် အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများသည် မိမိတို့အမျိုးသမီးထုအားလုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများအပြင် အမျိုးသမီးများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်အမျိုးသမီးငယ်များ စီးပွားရေးအတွက် လက်မှုပညာလုပ်ငန်းများ သင်ကြားပေးရေး၊ ဘာသာရေးဆိုင်ရာ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်အောင်ကလည်း ဗဟိုအဆင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့နှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံဆောက်လုပ်ရန်အတွက် ဒုတိယသမ္မတ၏ ဇနီးက မတည်ငွေကျပ် ၁၀ သိန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက မတည်ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်

ထို့နောက် ဒုတိယသမ္မတ၏ဇနီးက ကချင်၊ ရှမ်း၊ ကိုးကန့်နှင့် လားဟူ တိုင်းရင်းသားလူမျိုးစု အမျိုးသမီးလူမှုကူညီရေး အသင်းအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းစီနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ ဇနီး ဒေါ်နန်းရွှေမှုန်သည် မွန်းလွဲ ၁ နာရီခွဲတွင် ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတ၏ဇနီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အသင်းကြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ ခရိုင်/မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးများ ကျန်းမာရေး စောင့်ရှောက်မှုတွင် အားတက်သရော ပါဝင်ဆောင်ရွက်ပေးရေး၊ အမျိုးသမီးများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် အသင်းအဖွဲ့များက စနစ်တကျ စီမံဆောင်ရွက်ပေးရေး၊ အမျိုးသမီးများဘဝလုံခြုံရေး၊ လူကုန်ကူးမှုများမခံရမရှိရ စေရအောင် စည်းရုံး ဆောင်ရွက်သွားရေးနှင့် ကာကွယ်တားဆီးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့သို့ ဆက်သွယ်၍ တင်ပြညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း၊ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကို အားရမိကြောင်း၊ ဆက်လက်၍ ကြိုးပမ်းပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် သိန်းနီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အဆောက်အအုံ ဆောက်လုပ်ရန် မတည် အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာခြင်းအလှခတ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၁၂ ခုနှစ်၊ ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာခြင်းအလှခတ် ပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ကားပါကင်ဝင်းအတွင်း၌ကျင်းပရာ အခမ်းအနားကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးထွန်းလင်းသောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး တပင်တိုင်သရုပ်ပြ ခေတ္တရာ အောင်အောင်နှင့်အဖွဲ့၊ ဝါသနာရှင် လုလင်အောင်စိုးမိုး၊ တက်သစ်စ အင်းစိန်လူငယ်များ၊ အကယ်ဒမီယုယုနိုင်၊ တင်နီလာဝင်း၊ ဇာနည်မယ် ဖြူဖြူဝင်းနှင့် ပန်းမြတ်သီတာ၊ ရောင်ကြီးဖွေခြင်းလုံးအလှခတ်သက်ကြီးအဖွဲ့နှင့် မင်းညီမင်းသား အဖွဲ့တို့က စွမ်းရည်သရုပ်ပြ ခြင်းခတ်ပူဇော်ကြသည်။

လှူဒါန်း

မြန်မာ့ရိုးရာခြင်းအလှခတ်ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းထံသို့ YANGON Transformer & Electrical Co., Ltd. မှ အမှုဆောင်ဒါရိုက်တာ ဦးသန့်ဇင်သောင်းက လှူဒါန်းငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ခေတ္တရာအသင်း (ရန်ကုန်)ဓမ္မာရုံ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာသန်းက လှူဒါန်းငွေကျပ် တစ်သိန်းသုံးသောင်း ပေးအပ်လှူဒါန်းခဲ့ပြီး ခြင်းလုံးဝါသနာရှင်များကလည်း အလှူငွေများလှူဒါန်းခဲ့သည်။

မြန်မာ့ရိုးရာ ခြင်းအလှခတ်ပူဇော်ပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ ၁၅ ရက်တိုင်တိုင် နေ့စဉ်ညနေ ၄ နာရီမှ ည ၁၁ နာရီခွဲအချိန်ထိ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကားပါကင်ဝင်းအတွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှ ရိုးရာခြင်းလုံး ဝါသနာရှင် အသင်းပေါင်း ၂၂၅ သင်းတို့သည် တစ်နေ့ ၁၅ ဖွဲ့နှုန်းဖြင့် ခြင်းအလှခတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော် ကိုယ်စားလှယ် ၇၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈)ဦးက မေးမြန်းသည့် မေးခွန်း ၁၀ ခုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ မန္တလေးတိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်း၊ မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းတို့အား လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုခြင်း၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားရှင်းလင်းခြင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို တင်သွင်းခြင်း၊ အဆိုပါဥပဒေကြမ်း (၂)ခုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကိုနံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ **(အောက်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် (၁၀၁) ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် မေးခွန်း(၆)ခုမေးမြန်းဖြေကြားခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းအား အတည်ပြုခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ကျောက်မျက်ရတနာဖြတ်တောက်ခြင်းနှင့် သွေးခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်းတို့ကိုဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ လွှတ်တော်ကိုယ်စားလှယ် (၂၄) ဦးနှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်(၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၀)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၃)ခုအား ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး နံနက် ၁၁ နာရီတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား FAO ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Ms. Bui Thi Lan သည် ယမန်နေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် FAO - မြန်မာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကိုဆွေးနွေးကြသည်။ **(ယာပုံ)**ထိုသို့ဆွေးနွေးရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် FAO - မြန်မာနည်းပညာဆိုင်ရာများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ Country Programme Frame Work ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေး၊ DRY - ZONE ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရန်၊သုတေသနစင်တာများတည်ဆောက်ရေးဆိုင်ရာများကို လက်တွေ့ကျကျ FAO နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးကြသည်။

FAO ၏ ရည်မှန်းချက်ဖြစ်သည့် Zero Hunger ဆာလောင်မွတ်သိပ်မှုပပျောက်ရေးရည်မှန်းချက်အား မြန်မာနိုင်ငံမှထိထိရောက်ရောက် ပါဝင်ဆောင်ရွက်အကောင်အထည်ဖော်နိုင်ရေး FAO နှင့် နိုင်ငံတကာမှ ပူးပေါင်းပံ့ပိုးကူညီ ပါဝင်ဆောင်ရွက်နိုင်မည့်လုပ်ငန်း Assistant ဆိုင်ရာများကို အသေးစိတ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ပါမောက္ခချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွန်ဆိုင်ရာစီမံခန့်ခွဲမှု ကွန်ပျူတာစနစ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်

မကွေး ဖေဖော်ဝါရီ ၂၃

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြည်တွင်းအခွန်များဦးစီးဌာနဦးစီးရုံး နေပြည်တော်မှ သင်ကြားပေးခဲ့သော အခွန်ဆိုင်ရာစီမံခန့်ခွဲမှု ကွန်ပျူတာစနစ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးစိုးမြင့်က (e-RTS) ကွန်ပျူတာစနစ်အသုံးပြုရခြင်း၏ ရည်ရွယ်ချက်များ၊ အခွန်ဆိုင်ရာစီမံခန့်ခွဲမှု ကွန်ပျူတာစနစ် (e-RTS) အသုံးပြုပုံနည်းစနစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းရင်းသား ပဒေသာကပွဲယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရွှေပြည်သာမြို့နယ် ပညာရေးဌာန မိသားစုများ၏ အခြေခံပညာကျောင်းများ တိုင်းရင်းသားပဒေသာကပွဲယှဉ်ပြိုင်မှု အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီတွင် အထက(၁)ကျောင်း အားကစားကွင်း မြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါ တိုင်းရင်းသားပဒေသာကပွဲတွင် မြို့နယ်အတွင်းရှိ (ထက်၊ လယ်၊ မူ) အဆင့်ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူအဖွဲ့ ၃၄ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသောအဖွဲ့များကို မြို့နယ်ပညာရေးမှူး ဦးလှရီနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၆)**

မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ လပွတ္တာ၌ ကျင်းပ

လပွတ္တာ ဖေဖော်ဝါရီ ၂၃

မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို လပွတ္တာခရိုင် လပွတ္တာမြို့ လပွတ္တာလုပ်ကျေးရွာ လပွတ္တာလုပ်ချောင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ကြည့်ရှုအားပေးခဲ့ကြပြီး ငါးတက်လှော်ပြိုင်ပွဲ၌အသင်း ၁၆ သင်း၊ သုံးတက်လှော်ပြိုင်ပွဲ၌ အသင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ငါးတက်လှော်ပြိုင်ပွဲ၌ ပထမဆုရရှိသော ဗိုင်းဒေါင့်ချောင်းအသင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က လည်းကောင်း၊ ဒုတိယဆုရရှိသော လွှဇာအသင်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကြည်က လည်းကောင်း၊ သုံးတက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောက်မှော်အသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်ကလည်းကောင်း၊ ဒုတိယဆုရရှိသော လပွတ္တာလုပ်တောင်အသင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်လှုကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

ဝတ္ထုတို၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုဝတ္ထုတို၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လ ၆ ရက်(အင်္ဂါနေ့)တွင် နေပြည်တော် အားကစားဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဝတ္ထုတိုပြိုင်ပွဲ ပထမဆု မောင်မောင်မိုးအောင်(ဒေါပုံ)၊ ဒုတိယဆု နှုတ်ခွန်းချို (ကြည့်မြင်တိုင်)၊ တတိယဆု မချောယဉ်(မိုးညှင်း)နှင့် နှစ်သိမ့်ဆု မင်းမဟော် (ပုသိမ်)၊ ဆောင်းပါးပြိုင်ပွဲ ပထမဆု မောင်မိုးဦး(တောင်ဒဂုံ)၊ ဒုတိယဆု ခင်မောင်ချို (ကညွတ်ကွင်း)၊ တတိယဆု မြမဥ္စုဝေ (ကျုံမငေး) နှင့် နှစ်သိမ့်ဆု ဌေးဌေး (ဗိုလ်တထောင်)တို့ ရရှိခဲ့ကြပြီး ဆုရရှိသူများသည် မတ်လ ၅ ရက် အရောက် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန လူထုအားကစားနှင့်ပညာပေးဌာနခွဲ ဖုန်း-၀၆၇-၄၀၆၀၂၇ သို့ သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရတိုက်ကျွေး

ဖေဖော်ဝါရီ ၁၇ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် မူလတန်းကျောင်း (၁၉) ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အမက(၁၀)၌ အလှူရှင် မရွှေပန်းသီး (ဘေဘီဗိုက်တာ) မိသားစုနှင့် တာဝန်ခံဆရာမများက အာဟာရနို့ဆန်ပြုတ်တိုက်ကျွေးကြစဉ်။ (၀၀၇)

ဖေဖော်ဝါရီ ၁၁ ရက်က အမက (၂၂)တာမွေ၏ ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ကျောင်းအဆင့် ဘက်စုံထူးချွန် ပထမဆုရရှိသော သူငယ်တန်းမှ မထက်နဒီဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကာကွယ်ဆေးထိုး လုပ်ငန်းဆောင်ရွက်

ဟိုပင် ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲအတွင်းရှိ တကွင်းကျေးရွာ၊ သဲဂုဏ်ကျေးရွာ၊ ညောင်ပင်သာကျေးရွာများသို့ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျွဲ၊ နွားလည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းဦး၊ ဒုတိယဦးစီးမှူး ဒေါက်တာအောင်အောင်၊ မြို့နယ်ခွဲဦးစီးမှူး ဒေါက်တာ ဇော်မြင့်နိုင်နှင့် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး ဦးစနေထွန်းတို့အဖွဲ့က ဆောင်ရွက်ရာ ကျွဲ၊ နွား ၁၀၁၂ ကောင် တို့ကို ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လမ်းကူးသူနှင့် ယာဉ်မောင်းများ အပြန်အလှန်အလေးထား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့သည် လူဦးရေများလာသည့်အပြင် မော်တော်ယာဉ်စီးရေမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာရာ ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့် မြို့တစ်မြို့လည်း ဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် ယာဉ်တိုက်မှုပိုမိုများပြားလာရခြင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရသည်။

ထို့ကြောင့် လမ်းအသုံးပြုသူ ပြည်သူများက လူကူးမျဉ်းကျားနှင့် သတ်မှတ်နေရာများမှသာ စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် ယာဉ်မောင်းများကလည်း ယာဉ်စည်းကမ်းများကို လေးစားလိုက်နာ၍ လူကူးမျဉ်းကျားနှင့် သတ်မှတ်နေရာတို့တွင် စည်းကမ်းတကျ အရှိန်လျှော့မောင်းကြရန် လိုအပ်ပေသည်။ ခြေကျင်လျှောက်သူများနှင့် ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာ၍ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ကိုယ်ချင်းစာစိတ်များ ကိုယ်စီထားကြပါက ယာဉ်တိုက်မှုများ လျော့နည်းသွားမည်ဖြစ်ပေသည်။ **(ရီရီမြင့်-သတင်းစဉ်)**

အောင်မြင်စာကြည့်တိုက် ပွင့်ဖြူမြို့နယ်၌ဖွင့်

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၃

ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာ အောင်မြင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့် မြို့နယ်ရဲတပ်ဖွဲ့ မြို့မစခန်းမှူး ရဲအုပ်လှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ရေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က သုတရသစာအုပ်မျိုးစုံ အုပ် ၁၅၀၊ ရဲအုပ်လှမြင့်က စာအုပ်စာစောင်များဝယ်ယူရန် ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သူနှင့် စာကြည့်တိုက်ကော်မတီဝင် ဦးဉာဏ်လင်းနှင့် ဒေါ်မြမြစန်းတို့က လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူလှူဒါန်းငွေစုစုပေါင်းကျပ်သိန်း ၂၀ တို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ကိုးပေရှိ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း မှုခင်းသတင်း ၂၃-၂-၂၀၁၂

လမ်းဖြတ်ကူးသူ ကားတိုက်သေဆုံး

မိတ္ထီလာမြို့ ရတနာမာရ်အောင်နယ်မြေ နတ်မောက်ကန်တောင်ရိုးပေါ်ရှိ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၃၇/၂ အနီးတွင် ဖေဖော်ဝါရီ ၁၄ရက် နံနက်က မြောက်မှတောင်သို့ နွားထိုးကြီးမြို့အမှတ်(၅)ရပ်နေ ဦးတင်ထွန်းဦး ၃၈ နှစ်မောင်းနှင်လာသည့် ၈ဂ/---- နီဆန်းဖြူပြာကြား ခြောက်ဘီးကားက မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် နယ်မြေ(၃)နေ ကိုဇာနည်ဦး ၃၈ နှစ်အား လမ်းဖြတ်ကူးစဉ် ဝင်ရောက်တိုက်မိခဲ့ရာ ကိုဇာနည်ဦးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ အမှတ်(၁) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၁၂)**

ကောလင်းမြို့တွင် မီးလောင်မှုဖြစ်ပွား

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ သုဝဏ္ဏရပ်ကွက်နေ ဆန်စက်လုပ်သား ဦးဇော်လွင်အိမ်မှ စတင်၍ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က မီးဖိုမှမီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်ရာသို့ ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်၊ သန္ဓေမီးသတ်များနှင့် အရန်မီးသတ်တို့ စုပေါင်းငြိမ်းသတ်ကြသဖြင့် မီးငြိမ်းသွားခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်ကလည်း ကောလင်းမြို့နယ် ခွင့်တောင်းကျေးရွာ အိမ်ရှင်ဒေါ်အောင်မှီ၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် မီးဖိုမီးမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ အိမ်ရှင် ဒေါ်အောင်မှီသည် အနီးပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းသဖြင့် ရွာထဲမှ ပြည်သူများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဌေးမြင့်ဦးစီး၍ မီးသတ်ကားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၂နာရီ မိနစ် ၃၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ **(၀၉၂)**

နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဖြစ်သော စာဖတ်ဝိုင်းဖြင့် စာဖတ်ခြင်းကို ဖေဖော်ဝါရီ ၃ ရက်က ဒေါပုံမြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုဝင်းနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) ခြောက်ထပ်ဆေးကုသဆောင် မကြာမီဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံဝင်းအတွင်း၌ သံဃာတော်အပါး (၁၀၀) ကျော် သီးသန့်သီတင်းသုံးဆေးကုသနိုင်မည့် ခြောက်ထပ်ဆေးကုသဆောင်သစ်ကို လာမည့်မတ်လတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇီဝိတဒါန သံဃာ့ဆေးရုံ ခြောက်ထပ်ဆေးကုသဆောင်သစ်ကြီးကို အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်းတစ်သောင်းခန့် အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ သံဃာတော်များ၊ သီလရှင်များသာမက လူပုဂ္ဂိုလ်များကိုပါ ပြင်ပလူနာဌာန၊ အထူးကု ပြင်ပလူနာဌာန လေးခုဖွင့်လှစ်ထားပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လူနာများအား အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ စေတနာဆရာဝန်များက ငွေကြေးအခမဲ့ဖြင့် ပြုစုစောင့်ရှောက်ပေးလျက်ရှိရာ အဆိုပါဆေးရုံကြီးအတွက် စေတနာရှင်များက သဒ္ဓါတရားပြည့်ဝစွာဖြင့် လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။ **(ဥမ္မာသန့်-သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၃၇) ဦး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၃၇)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ၁၅-၂-၂၀၁၂ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၏ ဆုံးဖြတ်ချက်အရ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်အစား တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ကိုကိုအား အစားထိုးတာဝန်ပေးအပ်ထားပါကြောင်း ပြည်သူ့လွှတ်တော်က တင်ပြလာခြင်းကို လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးသန့်ဇင်အစား ဗိုလ်မှူးကြီးမြင့်ကိုကိုအား ကော်မတီဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၏ **"ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းတင်သွင်းရာ၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင်ပါဝင်သည့် အဖွဲ့အစည်းများ၏ ရသုံးမှန်းခြေအကောင်အထည်ဖော်မှုနှင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်ငွေရေးကြေးရေးဆောင်ရွက်ချက်များကို စိစစ်အတည်ပြုနိုင်ရန်အတွက် လက်ရှိဘဏ္ဍာရေးနှစ်၏ (၆)လတစ်ကြိမ် ဘဏ္ဍာရေးစာရင်းစစ်ဆေးချက်အစီရင်ခံစာနှင့် ယခင်ဘဏ္ဍာရေးနှစ်၏ ပုံမှန်စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို စာရင်းစစ်ချုပ်ရုံးမှ နှစ်စဉ် ဒီဇင်ဘာလတွင်လည်းကောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် စာရင်းစစ်ချက်အစီရင်ခံစာကို နှစ်စဉ် ဇန်နဝါရီလတွင်လည်းကောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းကို နှစ်စဉ် ဖေဖော်ဝါရီလတွင်လည်းကောင်း အထောက်အထားရှင်းလင်းချက် ပြည့်စုံစွာဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် (၁၃)ရက်မြောက်နေ့ အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများကို ဆွေးနွေးခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို တင်ပြလိုပါကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆

တက်ရောက်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း

ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hironori KANAZAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် အပြန်အလှန်ဆက်ဆံမှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hironori KANAZAWA အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

သတင်းအညွှန်း



စာ-၄

အာကာသ အတွင်းရှိ ကြယ်တာရာတစ်ခု၌ ဘောလုံးပုံသဏ္ဌာန်ကာဗွန်မော်လီကျူးများ ဖွဲ့စည်းထားမှုတွေ့ရှိ

ကမ္ဘာကျော် အဆိုတော် အဒေလီ Brit ဂီတဆု နှစ်ဆု ဆွတ်ခူး စာ-၅

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား စာ-၇

(၈၄)ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲ

ဆန်ခါတင်စာရင်းဝင် ဒါရိုက်တာ၊ မင်းသား၊ မင်းသမီးများနှင့် အင်တာဗျူး

မောင်မောင်မြင့်ဆွေ-ရေးသားသည်

ရုပ်ရှင်မင်းသား ဂျော့ကလူနေ

ရုပ်ရှင်မင်းသမီး မီချယ်ဝီလီယမ်စ်

ဒါရိုက်တာ ဟာဇာနာဗီစီးရပ်စ်

၂၂-၂-၂၀၁၂ ရက်မှအဆက်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၃

(၈၄)ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒက်ကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ ယခု အော်စကာဆု ရွေးချယ်ချီးမြှင့်ပွဲအတွက် နောက်ဆုံးဆန်ခါတင် အမည်စာရင်းထုတ်ပြန်ထားသည့် ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်မင်းသမီးများနှင့် အေဘီစီရုပ်မြင်သံကြားလိုင်းမှ သတင်းထောက်တို့ တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်ဖော်ပြရပါလျှင်-

သတင်းထောက် ။ ။ အကောင်းဆုံးဒါရိုက်တာ အော်စကာဆု အတွက် ဘယ်ဇာတ်ကားနဲ့ ပဏာမအမည်စာရင်း ရွေးချယ်ခံရပါလဲ။ အဲဒီဇာတ်ကားကို ဘယ်လိုရိုက်ကူးဖြစ်ခဲ့တာလဲဆိုတာ ပြောပြပေးပါ။

ဟာဇာနာဗီစီးရပ်စ် ။ ။ The Artist ဇာတ်ကားနဲ့ပါ။ ဒီဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးပေးဖို့ ယူနီဗာဆယ်ကုမ္ပဏီက ကျွန်တော့်ကို ကမ်းလှမ်းခဲ့ပါတယ်။ ကျွန်တော်က ပြင်သစ်နိုင်ငံသား ဒါရိုက်တာတစ်ဦးပါ။ ဒီဇာတ်ကား *စာမျက်နှာ ၅ ကော်လံ ၁* ■

24-2 (20).pmd 1 2/24/2012, 2:00 AM